

The Boy
Shweyay HtinHtin
ကောင်လေး
ရွှေရေးထင်ထင်

ဘယ်သူသိမှာ လဲ ... မိန်းမတွေကြောင့် ကျွန်တော့်ဘဝ အကြိမ်ကြိမ်အခါခါ ကံဆိုးမယ် ဆိုတာ။

ဘယ်သူသိမှာ လဲ ... Sex Worker ဆိုတဲ့ ဝေါဟာရက ကျွန်တော်နဲ့ သက်ဆိုင်လာမယ် ဆိုတာ။

ဘယ်သူသိမှာ လဲ ... ကြေး မေးခံရတိုင်း ကျွန်တော့်ကမ္ဘာ ပျက်တယ် ဆိုတာ။

ဘယ်သူသိမှာ လဲ ... ဘောင်ဘင်ခတ်တဲ့ အရုက်တရားတွေ ကျွန်တော့်ဆီမှာ ရှိတယ်ဆိုတာ။

ဘယ်သူသိမှာ လဲ ... ငွေစက္ကူအရွက်တိုင်း အတွက် ကျွန်တော် သေသွားတယ် ဆိုတာ။

ဘယ်သူသိမှာ လဲ ... ဒီလို ကျွန်တော် ထပ်တလဲလဲ သေရမယ်ဆိုတာ။

ဘယ်သူသိမှာ လဲ ...

ဘယ်သူသိမှာ လဲ ...

ကျွန်တော် မသိခဲ့တာ ... ဘယ်သူသိမှာ လဲ။ ။

**(ကောင်လေး)**

***

အခန်း (၁)

***အမေ***

ထိုနေ့က ... ထူးခြားနေခဲ့၏။

ထိုနေ့က ... နွေခေါင်ခေါင် ရာသီဥတု ဖောက်ပြန်နေခဲ့၏။

ထိုနေ့က ... ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် ဒေသခံမြို့သူမြို့သားများ အားလုံး စိတ်မချမ်းမသာ ဖြစ်နေခဲ့ကြရ၏။

ထိုနေ့က ... အနိဋ္ဌာရုံ အဖြစ်အပျက်တစ်ခုနှင့် အတူယှဉ်တွဲကာ ကလေးငယ်တစ်ယောက် မွေးဖွားလာခဲ့၏။ ကလေးငယ်လေးသည် အလွန်ချစ်စဖွယ် ကောင်းလှ သော်လည်း အများ ပြည်သူက သူ့အပေါ် စက်ဆုပ်ရွံရှာနေကြ၏။ အသက်တစ်ရက်မျှပဲ ရှင်သန်ရသေးသော ကလေးငယ်လေးအပေါ် အများ ပြည်သူ မေတ္တာကင်းမဲ့ရသည့် အကြောင်းရင်းသည် ထိုကလေး၏ မွေးမိခင်ကြောင့်ပဲ ဖြစ်လေ၏။ ထိုကြောင့် ကလေးငယ်၏ ဘဝကို ကံဆိုးစေသော ပထမဆုံး အမျိုးသမီးသည် သူ၏ မိခင်ဟု ဆိုနိုင်သည် ။

ကလေးငယ်လေးအား မွေးဖွားခဲ့သော မိခင်မှာ "**မာလာ**" ဆိုသည့် မိန်းမချောလေး တစ်ဦးဖြစ်ပြီး ... ထိုနယ်မြို့၏ အမည်ကျော် မိန်းမပျက်

စာရင်းဝင်သူ တစ်ဦးပဲဖြစ်လေသည် ။ မာလာသည် ဆင်းရဲဒုက္ခ များ လှသော မိသားစုတွင် ရှင်သန်လာရသော်လည်း တစ်ခုတည်းသော ကံကောင်းမှု အဖြစ် ချောမောလှပသော ရုပ်ရည်လေးကို ပိုင်ဆိုင်ထား၏။ ထိုရုပ်ရည်လေးကြောင့်ပဲ အမျိုးသား အများ စုက သဒ္ဓါကြ ... ကူညီပေးကြ သဖြင့် မာလာက အမြဲတမ်း အမျိုးသားများ တရုန်းရုန်းဖြင့် ရှိနေတတ်လေသည် ။

ထိုသို့သော သူမ၏ အနေအထိုင် အပြုအမူများ ကြောင့်လည်း ပတ်ဝန်းကျင်က အထင်မြင်သေးကြ၏။ မိသားစုများက ရွံရှာစက်ဆုပ်ကြ၏။ သို့သော်လည်း မာလာ၏ ဝင်ငွေက မိသားစုဝင်များ ၏ ဝေဖန်သံကိုတော့ တိတ်သွားအောင် ဖန်တီးနိုင်ခဲ့၏။ မာလာသည် မိမိဘဝအတွက် အဆင်ပြေရာနည်းဖြင့် ငွေရှာဖွေနေထိုင်ရင်း ... ကျားလေး ဆိုသော ထောင်ထွက် လူသတ်သမား ၊ ထွန်းမောင်ဆိုသော ထောင်ထွက် ဓားပြ ၊ အောင်ဝင်း ဆိုသော ထောင်ထွက် ဆေးသမားတို့ နှင့် တရင်းတနှီး အပေါင်းအဖော် ဖြစ်လာခဲ့လေသည် ။

မာလာက အညှာလွယ်လွယ် လိုက်လျောလွန်းသဖြင့် ထိုအမျိုးသား သုံးဦးကလည်း ရသမျှ အခွင့်အရေး ယူကြလေ၏။ ထိုသို့ဖြင့် ... မာလာ ကိုယ်ဝန်ရလာသည့် အခါတွင် မည်သူက ကလေး၏ ဖခင်ဖြစ်မှန်း လက်ညှိုးထိုးမရသည် အထိ ရှုပ်ထွေးကုန်ကြတော့သည် ။ အမျိုးသား သုံးဦးလုံးက ခေါင်းရှောင်ရန် ကြိုးစားကြရာ မာလာ အလွန်ဒေါသ ဖြစ်သွား၏။ ဒေါသကြောင့် ညစ်ချင်စိတ်များက တဖွားဖွား ပေါ်လာ၏။

မာလာသည် ကိုယ်ဝန်ကို အကြောင်းပြုကာ မျက်ရည်ခံထိုးပြီး ထိုအမျိုးသား သုံးဦးထံမှ ငွေတောင်းခံလေတော့သည် ။ အချိန်ကြာလာသည် နှင့်အမျှ မာလာက တစ်စထက်တစ်စ ပိုမိုအတင့်ရဲလာ၏။ တောင်း

သည့် ပမာဏက များ လာ၏။ မပေးလျှင် ရန်ရှာလေတော့သည် ။ ထိုအမျိုးသား သုံးဦးလုံးနှင့် တရင်းတနှီး နေထိုင်ခဲ့သည့် ကာလတစ်လျှောက် အတွင်းရေးများ သိခဲ့ရသည် က မာလာအတွက် လက်နက် တစ်ခုသဖွယ် ဖြစ်လို့ နေရာ သူမ တောင်းသလောက် မပေးပါက ပြစ်မှုများကို ဖော်ထုတ်ပစ်မည်ဟု ခြိမ်းခြောက်တတ်၏။

သည်းခံနိုင်စွမ်းနည်းလာသည့်အခါ ထောင်ထွက်လူမိုက်သုံးဦးသည် မာလာ၏ ပြဿနာကို ငွေနှင့် မရှင်းပဲ ဓားဖြင့် ရှင်းဖို့ ကြိုးစားကြလေတော့သည် ။ လူသူအသွားအလာ နည်းပါးသော ... မြို့ပြင်က နှင်းဆီခြံထဲတွင် မာလာနှင့် အမျိုးသားသုံးဦး မျက်နှာချင်းဆိုင် တွေ့ဆုံကာ ဖြေရှင်းကြရင်း ဒေါသအလျောက် ခြေလွန်လက်လွန် ဖြစ်ကုန်ကြတော့၏။ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး၏ ရန်ပွဲတွင် အင်အားနည်းသည့် မာလာသာ နစ်နာသူ ဖြစ်ခဲ့လေတော့သည် ။

နှင်းဆီခြံ အလုပ်သမားများက ကိုယ်ဝန်အရင့်အမာနှင့် မာလာကို ဓားဒဏ်ရာများ စွာဖြင့် လဲကျနေသည် အား တွေ့ရှိကယ်တင်ခဲ့ကြ၏။ မာလာက သေအံ့ဆဲဆဲ အချိန်တွင် ခက်ခက်ခဲခဲနှင့် သားယောကျ်ားလေး တစ်ဦး ဖွားမြင်ခဲ့ပြီးမှ သေဆုံးသွားခဲ့လေသည် ။

ထိုနေ့က အချိန်အခါ မဟုတ်ပဲ ရာသီဥတု ဖောက်ပြန်ခဲ့၏။

ထိုနေ့က ကောင်းကင်ယံ၌ လျှပ်စီးများ တဖြန်းဖြန်း လက်ကာ မိုးများ ချုန်းနေခဲ့၏။

ထိုနေ့က "ကောင်လေး" ကို စတင်မွေးဖွားခဲ့၏။

*****

# အခန်း (၂)

*** အဘွား***

အလွန်ကံဆိုးလှသော ကလေးငယ်လေး တစ်ဦး လူ့လောကထဲသို့ ရောက်ရှိလာခဲ့၏။ အလွန်နိမ့်ကျပြီး ဆိုးသွမ်းလှသည့် အမိအဖတို့ မှ ဆင်းသက်လာရသည့်အပြင် မုန်းတီး သတ်ဖြတ်မှုများ ဖြင့် သူ၏ ဘဝကို စတင်ခဲ့ရလေသည် ။ သူ၏ မိခင်ပြုမူခဲ့သမျှ ဖြစ်ရပ်များက သူ့ကိုပါ အရိပ်ဆိုး အုပ်မိုးထား၏။ သူ၏ မိခင်ကို မုန်းသူများက သူ့ကိုပါ မုန်းကြ၏။ သူ၏ မိခင်ပြုခဲ့သော အမှားများ အတွက် သူ့ကိုပါ အပြစ်တင်ကြ၏။

မိခင်ဖြစ်သူ မာလာကို သင်္ဂြိုဟ်သော အသုဘနေ့တွင် ကလေးငယ်လေးအတွက် ဒုတိယမြောက် ကံဆိုးမှု စတင်ခဲ့ပြန်လေသည် ။ ဒုတိယမြောက် ကံဆိုးမှုကို စတင်ယူဆောင်လာသူမှာ ကလေးငယ်လေးနှင့် အဘွားတော်စပ်သူ မာလာ၏ မိခင်ပဲ ဖြစ်၏။ ဆံပင်ဖြူ ဖရိုဖရဲနှင့် အလွန်စိတ်ထိခိုက် ကြေကွဲနေရှာသော မိခင်အိုကြီးသည် မွေးကင်းစ မြေးငယ်လေးကို ရင်ခွင်ထဲတွင် ဖက်ထားရင်း ... သမီးဖြစ်သူ မာလာ၏ သက်မဲ့အလောင်းကို တွေတွေကြီး ကြည့်ပြီး ငိုကြွေးနေ၏။ အားရပါးရ ငိုနေခဲ့ပြီးနောက် ... မိခင်အိုကြီးသည် သူ၏ ရင်ခွင်ထဲမှ မြေးငယ်ကို ရွံရှာဟန်ဖြင့် ငုံ့ကြည့်လေ၏။ အတော်ကြာအောင် ကြည့်နေပြီးနောက် .

.. မွေးကင်းစ ကလေးငယ်လေးကို မြေပြင်ပေါ်သို့ ချထားလိုက်ကာ ထိုင်နေရာမှ ဝုန်းခနဲ ထထွက်သွားဖို့ ဟန်ပြင်လေတော့သည် ။ အကဲခတ်နေကြသည့် ဒေသခံမြို့သားများက ထိုအပြုအမူကို မြင်သည်နှင့် ဝိုင်းဝန်းအော်ဟစ်ကြတော့၏။

"ဟေ့ ... ဟေ့ ... ဟိုအဘွားကြီး ဘာလုပ်တာလဲ မသိဘူး"

"အလောင်းတောင် မြေမကျသေးဘူး ... ဘယ်သွားမလို့ လဲ"

"ကလေးကို မမွေးချင်လို့ ထားခဲ့တော့မယ်နဲ့ တူတယ် "

"ဟ ... ဒီလို လုပ်လို့ ရမလား ... သေတဲ့ လူကိုတော့ ရပ်ကွက်က သင်္ဂြိုဟ်ပေးနိုင်တယ် ... ရှင်နေသေးတဲ့ ကိုယ့်မြေးတော့ ခေါ်သွားချေ "

လူအုပ်ကြီးက တစ်ယောက်တစ်ပေါက် ထအော်ကြသည့်အခါ ထွက်သွားဖို့ ဟန်ပြင်နေသော အဘွားကြီးက ပြန်လှည့် လာပြီး ...

"ထွီ ... မြေး ... ဟုတ်လား ... ဒါ ငါ့မြေး မဟုတ်ဘူး ... ဒီလောက် ဂြိုဟ်မွှေတဲ့ မကောင်းဆိုးဝါးလေးကို ငါ ခေါ်မမွေးနိုင်ဘူး ... သူ့ပါ ထည့် သင်္ဂြိုဟ်လိုက်ကြ "

သမီးလည်း ဆုံး မြေးလည်း မုန်းနေသော အဘွားကြီးသည် ... မြေပြင်ပေါ်မှ မွေးကင်းစ ကလေးငယ်လေးအား တံတွေးဖြင့် ထွေးလိုက်ရင်း ခြေထောက်နှင့်ခတ်ကာ ကန်ထုတ်ပြီး အော်ပြော လိုက်လေ၏။ အနှီးဖြင့် ထုပ်ထားသော ကလေးငယ်လေးသည် အကန်ခံလိုက်ရသဖြင့် ဖုန်တထောင်းထောင်း ထနေသော မြေပြင်ပေါ်တွင် လျှောခနဲ လွင့်သွားရလေသည် ။

" အဲဒီ ဂြိုဟ်ဆိုးလေးက ခင်ဗျားမြေးဗျ ... ခင်ဗျားတောင် သူ့ကို ရွံလို့ မမွေးချင်ရင် ဒီမြို့မှာ မွေးမယ့်လူ ဘယ်သူမှ မရှိဘူး "

"ဟာ ... ရှုပ်တယ်ကွာ ... သူတို့ တွေကြောင့် မြို့နာတယ် ... အကုန်နှင်ထုတ်ပစ်လိုက်"

"စိတ်လျှော့ကြပါဗျာ ... "

"စိတ်လျှော့ပြီး လက်ပိုက်ကြည့်နေခဲ့လိုက်လို့ ဒီလိုအခြေအနေမျိုးထိ ဖြစ်လာတာလေ ... ကျုပ် အစကတည်းက ပြောခဲ့သားပဲ ... အဲဒီမိသားစုကို ဒီမြို့မှာ ထားရင် သိက္ခာကျမယ်လို့ "

"ဟုတ်တယ် ... သူတို့ မိသားစု အရှုပ်တွေလုပ်လို့ ကျွန်မတို့ စိုက်ပျိုးရေးခြံက အမှုအခင်းထဲ ပါရတယ် ... အခုဆို မြေတန်ဖိုးတွေ ကျကုန်ပြီ ... ရောင်းလို့ မရတော့ဘူး "

"အဘွားကြီး ... ကျုပ်တို့ မြို့ကို ဒုက္ခထပ်မပေးပါနဲ့ တော့ဗျာ"

မြို့ခံလူများက ဆူဆူပူပူ ဖြစ်လာကြ၏။ အဘွားကြီးက ရှက်ဒေါသနှင့် ဝမ်းနည်းစိတ်ကြောင့် ဝဲတက်လာသော မျက်ရည်ကို သုတ်လိုက်ကာ ဘာမှ မပြောပဲ လှည့်ထွက် သွားလေတော့သည် ။ မြို့ခံလူထုက ဒေါသနှင့် အော်ဟစ်ကျန်ရစ်ခဲ့ကြ၏။ စွန့်ပစ်ခံခဲ့ရသော မွေးကင်းစ ကလေးငယ်လေးကတော့ မြေပြင်ပေါ်တွင် တစာစာ အော်ငိုနေရှာလေသည် ။ သို့သော် ... မည်သူကမှ မွေးကင်းစကလေးငယ်ကို ဂရုမစိုက်အားကြပေ။ အားလုံးက စိတ်ရှုပ်ထွေး ဒေါသထွက်နေကြ၏။ တစ်ယောက်တစ်ပေါက် ပြောဆိုဆွေးနွေး နေကြ၏။ စိတ်ရှိတိုင်း ပြစ်တင်ဝေဖန်ပြီးကြချိန်မှာ မှ ... မြေပြင်ပေါ်ရှိ မွေးကင်းစ ကလေးငယ်ကို သတိရမိသွားကြလေသည် ။

အားလုံးက သတိရချိန်တွင် မွေးကင်းစ ကလေးငယ်လေးသည် မြေပြင်ပေါ်တွင် မရှိတော့။ မည်သူခေါ်သွား၍ မည်သို့ရောက်သွားမှန်းမသိ ... ပျောက်ခြင်းမလှ ပျောက်နေလေ၏။ ကလေးပျောက်နေသည် ဟု

သိစတွင် လူအုပ်ကြီးသည် ဟိုမေးဒီမေးနှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သော်လည်း ... သွေးအေးအေး ထားကာ ပြန်တွေးမိကြသည့်အခါ သူတို့အလုပ်ရှုပ်သက်သာဖို့ ဖြစ်လာသည် ဟု ပင် မှတ်ယူလိုက်ကြ၏။ ထိုကလေးငယ်လေးသည် ကံဆိုးမှုများ ကပ်ပါလာသည် ဟု ယူဆကာ ထိတ်လန့်သည် က တစ်ဖက် ... မုန်းတီးရွံရှာသည် က တစ်ဖက်နှင့် မည်သူကမှ မထိတွေ့လိုကြရာ ပျောက်သွားသည် ပင် ခပ်ကောင်းကောင်း ဟု ယူဆလိုက်ကြ၏။

ထိုသို့ဖြင့် ... မွေးကင်းစ ကလေးငယ်လေးသည် အဘွားရင်းဖြစ်သူ၏ ပစ်ပစ်ခါခါ စွန့်ပစ်မှုကြောင့် ခိုနားရာ ရင်ခွင်ပျောက်ဖို့ အကြောင်းဖန်လာ ခဲ့ရလေတော့သည် ။

ထိုနေ့က မိုးများ အုံ့နေခဲ့၏။

ထိုနေ့က လူသားအချို့၏ စာနာစိတ်များ မီးခိုးမထွက်ပဲ မီးကျွမ်းနေခဲ့၏။

ထိုနေ့က "ကောင်လေး" စွန့်ပစ်ခံခဲ့ရ၏ ။

*****

# အခန်း (၃)

***သူစိမ်းအိမ်***

မည်သူက တိတ်တဆိတ် ခေါ်ဆောင်ကာ ဖောင်ပေါ်တင်ပြီး မျှောလိုက်သည် မသိ ... ကံဆိုးလွန်းသော မွေးကင်းစ ကလေးငယ်လေးသည် ဝါးဖောင်ဖြင့် မြစ်ရိုးတစ်လျှောက် မျောပါ လာလေ၏။ ကလေးငယ်လေးကလည်း စိတ်ညစ်ညူးစရာ အရပ်မှ ထွက်လာရသည် ကို ပျော်နေသည့်အလား ... နည်းနည်းမှ အော်မငိုဘဲ တိတ်ဆိတ် ငြိမ်သက်စွာ လိုက်ပါလာ ခဲ့လေသည် ။ စာနာစိတ်ကင်းသော လူများက ထိုကလေး ပျောက်ဆုံးမှုကို ဖုံးကွယ်ထားခဲ့လိုက်ကြသဖြင့် ... မည်သူကမှ လိုက်ရှာဖွေခြင်းလည်း မရှိကြတော့ပေ။

ထိုသို့ မျောပါလာသည့် ကလေးငယ်လေး၏ ဝါးဖောင်သည် ကုန်သည် အမျိုးသားကြီး တစ်ဦး လိုက်ပါလာသော လှေနှင့် တိုက်ဆိုင်စွာ ဆုံတွေ့သဖြင့် ဆယ်ယူကယ်တင်ခြင်း ခံခဲ့ရလေတော့သည် ။ ကလေးငယ်လေး၏ ကံသည် အမျိုးမျိုးအဖုံဖုံ ချိုးကွေ့ကာ အပြောင်းအလဲ ကြမ်းတမ်းလွန်းလှ၏။ စွန့်ပစ်ခံရပြီးမှ မွေးစားမည့်သူနှင့် ထပ်ဆုံခဲ့ရပြန်၏။ ထိုကလေးငယ်လေး၏ ချစ်စဖွယ် ရုပ်ရည်ရူပကာ လေးကြောင့် ကုန်သည်

အမျိုးသားကြီးမှာ အလွန်သနား ကရုဏာသက်ကာ ချစ်ခင်သွားလေတော့သည် ။

ထိုကြောင့် ... စွန့်ပစ်ခံ ကလေးငယ်အား မွေးစားဖို့ ကုန်သည် ကြီးက ဆုံးဖြတ်လိုက်၏။ ကလေးငယ်လေးအား ပြန်လည်ရှာဖွေသူများ ရှိပါက သူ့ထံတွင် ပြန်လည် လာခေါ်နိုင်ကြောင့် ထိုနေရာဒေသမှ မိတ်ဆွေများ ထံ လက်လှမ်းမီသလောက် သတင်းပေးမှာ ကြားခဲ့၏။ ထိုသို့ဖြင့် ... အလွန်သဘောကောင်းသော ကုန်သည် ကြီးသည် ကလေးငယ်လေးအား သူနေထိုင်ရာ မြို့သို့ ခေါ်ဆောင် သွားလေတော့သည် ။ ကုန်သည် ကြီး၏ မိတ်ဆွေများကတော့ စွန့်ပစ်ခံ ကလေးငယ်လေး အလွန်ကံကောင်းကြောင်း တဖွဖွပြောကာ ကျန်ရစ်ခဲ့ကြ၏။

သို့သော် ... ထိုကလေးငယ်လေး၏ ကံသည် ကောင်းမလိုလိုနှင့် ဆိုးနေဆဲ ဖြစ်သည် ကိုတော့ ဘယ်သူမှ မသိနိုင်ခဲ့ကြပေ။ ကုန်သည် ကြီးသည် ကလေးငယ်အား သနားသဖြင့် မွေးစားခဲ့ခြင်းဖြစ်သော်လည်း သူ့ထံတွင် သားရင်း သမီးရင်း ဖြဦးရှိသူ ဖြစ်၏။ ထိုကြောင့် ... ကုန်သည် ၏ ဇနီးဖြစ်သူက သူမအား မတိုင်ပင်ပဲ ကလေးတစ်ဦး ခေါ်ယူမွေးစားသည် ကို မည်သို့မှ သဘောတူ ကြည်ဖြူနိုင်ခြင်း မရှိဖြစ်နေလေတော့သည် ။ သို့သော် ... ခင်ပွန်းဖြစ်သူကို မလွန်ဆန်နိုင်သဖြင့် မတတ်သာပဲ ကလေးငယ်အား လက်ခံလိုက်ခဲ့ရ၏။ ထိုအမျိုးသမီးသည် မွေးစားသားအား မိမိသားသမီးရင်းကဲ့သို့ ချစ်ခင်ပေးနိုင်ခြင်း လုံးဝ မရှိခဲ့ပေ။ သူမ၏ စိတ်ထဲတွင် တော့ ထိုကလေးငယ်အား တစ်နေ့ အိမ်မှ နှင်ထုတ်ပစ်မည်ဟု ကြိတ်ကာ ဆုံးဖြတ်ထားခဲ့လိုက်၏။

ထူးထူးခြားခြား ဆုံတွေ့ခဲ့ရသော သားလေးမို့ မွေးစားဖခင်က လှလှပပ အမည်သညာလေး ပေး၏။ သို့သော် ... ထိုအမည်သည် ကလေး

အတွက် သက်ရောက်မှုမရှိခဲ့ပေ။ ကုန်သည် ကြီး မရှိချိန်များ တွင် ... ထို ကလေးငယ်ကို တစ်အိမ်လုံးက မေတ္တာကင်းမဲ့သော လေသံဖြင့် ခေါ်ကြ သည် မှာ ... "ကောင်လေး" ဟူသတည်း။ ထိုသို့ဖြင့် ... ကောင်လေး ဟူ သော အမည်နာမသည် ထိုကလေးငယ်၏ နားဝတွင် ယဉ်ပါးပြီး ကြီးပြ င်းလာခဲ့ရလေ၏။ ဆူပူကြိမ်းမောင်းသံ ၊ ငြူငြင်ဆဲဆိုသံ ၊ ဟန်ဆောင်စ ကားသံများ ကို တစ်ရက်ပြီး တစ်ရက်နားထောင်ရင်း ၇နှစ်မျှ တိုင်လာ သည့်အခါ ကောင်လေးသည် အတော်လေး သိတတ်နားလည် လာခဲ့ပြီ ဖြစ်၏။ သူ၏ ဘဝသည် သူစိမ်းမိသားစုအပေါ် မှီတွယ်နေရသည့် အနှိမ် ခံ မွေးစားသား တစ်ဦးဖြစ်ကြောင်း ရိပ်စားမိလာ၏။

ထိုအချိန်မှာ ပဲ ကောင်လေး၏ ဘဝက တစ်ဆစ်ချိုး ထပ်ပြောင်းလဲဖို့ အကြောင်း ဖန်လာ ပြန်တော့သည် ။ ကောင်လေးကို ကျောင်းထားဖို့ မွေးစားဖခင်က စီစဉ်လေ၏။ ထိုကိစ္စကို သိသည် နှင့် သားကြီး ... သမီးကြီးများက ဖခင်နောက်ကွယ်တွင် ငြူစူကြလေတော့သည် ။ မွေး စားသားနှင့် တစ်ကျောင်းတည်း မနေချင်ဟု မိခင်ကို ကျိတ်ပြီး တောင်း ဆိုလာကြ၏။ ထိုမွေးစားကလေးနှင့် ပတ်သက်ပြီး သူငယ်ချင်းများ ထံမှ ဝေဖန်တင်းဆိုစကား ထွက်လာမည်ကို သားကြီးသမီးကြီးများ ကြိုတွေး ပူနေကြ၏။ သားသမီးများ ၏ စကားကို ကြားရသည့်အခါ ... မိခင် ဖြစ် သူ၏ ၇နှစ်ကြာမျှ တအုံနွေးနွေး သိမ်းဆည်းထားရသော ရင်တွင်းဒဏ် ရာသည် တစ်ဖန်ပြန် စတင်နာကျင် လာလေတော့သည် ။ ယခုတစ်ခေါ က်တော့ ပြဿနာကို စိတ်နိုင်နိုင်ဖြင့် အပြတ်ရှင်းမည် ဟု သူမက ဆုံးဖြ တ်ထား လိုက်၏။

ခင်ပွန်းဖြစ်သူ အလုပ်ကိစ္စနှင့် ခရီးသွားချိန်တွင် ထိုအမျိုးသမီးသည် ကောင်လေးကို ရထားဘူတာရုံသို့ ခေါ်ဆောင်လာခဲ့ လိုက်လေသည် ။ သူမသည် လူမမည် ကလေးငယ်လေးအား ရန်ကုန်သွားမည့် ကုန်တင်ရ

ထား တစ်စင်းပေါ်သို့ တိတ်တဆိတ် တင်ပေးလိုက်၏။ ကောင်လေးသည် သူ၏ ဦးနှောက် နုနုနယ်နယ်လေးဖြင့် ထိုအခြေအနေကို နားလည်သင့်သလောက် နားလည်လိုက်သည် ။

သူ အစွန့်ပစ်ခံရတော့မည်။

အထုအထောင်းခံဘဝဖြင့် ကြီးပြင်းလာရသည် မို့ ပျော်ရွှင်လှသည် မဟုတ်သော်ငြား ထိုအိမ်မှ အပြီးတိုင် စွန့်ပစ်ခံရမည်ဆိုတော့ ကလေးငယ်ပီပီ ထိတ်လန့် တုန်လှုပ်မိသွား၏။ အရွယ် စရောက်လာကတည်းက သာမန်ကလေးငယ်လို တီတီတာတာ ပြောခွင့်မရှိခဲ့သူမို့ ကောင်လေးသည် အလွန်စကားနည်းလှသူ ဖြစ်သည် ။ ရထားပေါ်တွင် ရပ်နေရင်း ကြောက်လန့်တုန်ယင်နေသည့် ၇နှစ်အရွယ် ကောင်လေးက မွေးစားမိခင်၏ လက်ကို မလွှတ်တမ်း တင်းတင်းကျပ်ကျပ် ဆွဲကိုင်ထားလေ၏။ နှုတ်မှ တစ်ခွန်း ထုတ်မပြောသော်လည်း ကောင်လေး၏ မျက်လုံး အကြည့်များက အသနားခံနေ၏။

မွေးစားမိခင်က သူ၏ လက်ကို ဆွဲထားသော ကောင်လေး၏ လက်ကို အတင်းဆွဲဖယ်ဖို့ ကြိုးစားသည် ။ ရထားက စတင်ထွက်ခွာဖို့ တာစူနေလေပြီ။ ကောင်လေးက မွေးစားမိခင်၏ လက်ကို မလွှတ်တမ်း ဆွဲကာ ရထားပေါ်မှ အတင်းဆင်းဖို့ ကြိုးစား၏။ မွေးစားမိခင်က ကောင်လေး၏ လက်ကို ဆောင့်ဆွဲဖယ် လိုက်ပြီးနောက် ကောင်လေးကို ခပ်ကြမ်းကြမ်း တစ်ချက် ရိုက်ချ လိုက်လေသည် ။ ရိုက်ချက် ကြမ်းလွန်းသဖြင့် ကောင်လေးက ခွေခနဲ လဲကျသွားပြီး ကြောက်ရွံ့ အံ့သြသော အကြည့်ဖြင့် မော်ကြည့်နေ၏။ မွေးစားမိခင်သည် အံကြိတ်ကာ လက်ညှိုး ငေါက်ငေါက် ထိုးရင်း ခပ်အုပ်အုပ်ပြောလိုက်၏။

" နင့်ကို သနားလို့ ခေါ်မွေးစားခဲ့တယ်ဆိုတာ ငါယုံမယ်များ ထင်နေ

လား ... ငါ ငတုံး မဟုတ်ဘူး ... နင်က ငါ့ယောက်ျားရဲ့ တိတ်တိတ်ပုန်း မယားက မွေးတဲ့ သားဆိုတာ ငါ သိတယ် ... သွား ... ထွက်သွား ... ငါ့ မိသားစုဆီ လာမရှုပ်နဲ့ ... နင်က ငါတို့ မိသားစုအတွက် ဆူးပဲ ... အဲဒီဆူးကို ဒီနေ့ ငါရအောင်ကို ဆွဲနုတ်ပစ်မယ် "

အထင်လွဲမှားမှုသည် ထောက်ထားညှာတာစိတ်ကို ပျောက်ဆုံးသွားစေခဲ့၏။ ရထားက စတင် ထွက်ခွာနေပြီ ဖြစ်၏။ ကောင်လေးက မျက်ရည်တွေတွေကျရင်း ရထားကုန်တွဲများ ကြားတွင် လိုက်ပါ သွားခဲ့ရလေတော့သည် ။ ကောင်လေးအတွက် ကံဆိုးမှုများ ယူဆောင်လာသော တတိယမြောက် မိန်းမသည် ... သူ၏ မွေးစားမိခင်ပဲ ဖြစ်၏။ ကောင်လေး၏ ကံတရားသည် ထူးဆန်းလွန်းလှ၏။ သူ၏ ဘဝထဲတွင် ပတ်သက် ဆက်နွယ်သမျှ မိန်းမတိုင်းသည် သူ့အား အမြဲတမ်း ကံဆိုးမိုးမှောင် ကျစေလေ၏။

ထိုနေ့က လေကြိမ်းများ တိုက်ခတ်၏။

ထိုနေ့က ဇနီးတစ်ယောက် အဆိပ်တက်မှုကြောင့် ကလေးတစ်ယောက် ရင်ခွင်ပျောက်ခဲ့၏။

ထိုနေ့က "ကောင်လေး" နာကျင်ခဲ့ရ၏။

*****